ထိုင်းနိုင်ငံ - ဒီဇင်ဘာလ ၂၀၁၅ ခုနှစ်

## ဒုက္ခသည်များမကြာခဏမေးနေကျမေးခွန်းများ( FAQs)

*“UNHCR သည်ဒုက္ခသည်များမှငင်းတို့၏အနာဂတ်နှင့်ပတ်သတ်၍ရရှိထားသောသတင်းအချက်အလက်များအပေါ်မူတည်၍ဆုံးဖြတ်ချက်များပြုလုပ်ရာတွင်ဒုက္ခသည်များကိုအကူအညီပေးရန်အတွက်တာဝန်ရှိသည်။ဒုက္ခသည်များမှငင်းတို့၏ဘဝအတွက်ရေရှည်အဖြေရှာခြင်းနည်းလမ်းများနှင့်စပ်လျဉ်း၍ဆုံးဖြတ်ခြင်းများပြုလုပ်သောအခါငင်းတို့၏ဘဝကိုကိုယ်တိုင်တဖန်ပြန်လည်ပိုင်ဆိုင်ခွင့်ရှိလာကြသည်။”*

## ရေရှည်အဖြေရှာခြင်းနည်းလမ်းများ

### ရေရှည်အဖြေရှာခြင်းနည်းလမ်းဆိုသည်မှာအဘယ်နည်း။

UNHCR သည်ဒုက္ခသည်များ၏အခွင့်အရေးများနှင့်ကောင်းစွာအဆင်ပြေရေးတို့ကိုကာကွယ်ပေးပြီးသေချာခိုင်မာသောအဖြေရှာခြင်းများရရှိရန်အတွက်ငင်းတို့ကိုကူညီပေးသည်။

UNHCR မှအကူအညီပေးနိုင်သောရေရှည်အဖြေရှာခြင်းနည်းလမ်း(၃)ရပ်ကိုဒုက္ခသည်များအတွက်ဖွင့်ထားပေးသည်။ငင်းတို့မှာ- မိမိဆန္ဒအလျှောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်း၊ ဒေသခံများနှင့်ပေါင်းစည်းခြင်း ၊နှင့် တစ်စုံတစ်ဦးကမြန်မာနိုင်ငံသို့ပြန်ရန်မဖြစ်နိုင်သည့်အခြေအနေထဲတွင်ဖြစ်စေ၊အိမ်ရှင်အဖြစ်လက်ခံထားသည့်နိုင်ငံထဲတွင်ကျန်ရစ်ရန်မဖြစ်နိုင်သည့်အခြေအနေထဲတွင်ဖြစ်စေဤသို့သောအခြေအနေများကြောင့်တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ခြင်းစသည်တို့ဖြစ်သည်။

### မြန်မာနိုင်ငံကလာသည့်ဒုက္ခသည်များအတွက်မည်သည့်အချိန်တွင်ရေရှည်အဖြေရှာခြင်းနည်းလမ်းများရှိလာမည်နည်း။

အထိုက်အလျှောက်အားဖြင့်တစ်ဦးတစ်ယောက်ချင်းစီနှင့်မိသားစုတစ်စုချင်းစီ၏အခြေအနေများအပေါ်မူတည်၍ရေရှည်အဖြေရှာခြင်းနည်းလမ်းသည်မြန်မာနိုင်ငံကလာသည့်ဒုက္ခသည်များအတွက်ရှိထားနှင့်ပြီဖြစ်သည်။

### ကျွန်ုပ်၏ရေရှည်အဖြေရှာခြင်းနည်းလမ်းနှင့်ပတ်သတ်၍မည်သည့်အချိန်တွင်ကျွန်ုပ်ဆုံးဖြတ်ချက်ချရမည်နည်း။

သင်မြန်မာနိုင်ငံသို့ပြန်လည်အခြေချင်သည်ဖြစ်စေ၊ တတိယနိုင်ငံသို့ပြန်လည်အခြေချချင်သည်ဖြစ်စေ (သတ်မှတ်ချက်နှင့်ကိုက်ညီသည့်သူအတွက်) သင့်ကိုယ်ပိုင်ရည်ရွယ်ချက်များနှင့်အခြေအနေအနေအထားပေါ်မူတည်ပါသည်။

### ရေရှည်အဖြေရှာခြင်းနည်းလမ်းအတွက်ကျွန်ုပ်၏ဆုံးဖြတ်ချက်နှင့်ပတ်သတ်၍ UNHCR သို့ကျွန်ုပ်အကြောင်းကြားနိုင်ပါသလား။

သင်၏ရေရှည်အဖြေရှာခြင်းနည်းလမ်းနှင့်ပတ်သတ်၍သင်မှစဉ်းစားနေသည်ပဲဖြစ်စေ(သို့မဟုတ်) သင်ဆုံးဖြတ်ချက်ချထားပြီးသည်ပဲဖြစ်စေ၊ ကျေးဇူးပြု၍ UNHCR သို့အချိန်မရွေးဆက်သွယ်ပါ။သင်ပြုလုပ်ထားသောဆုံးဖြတ်ချက်သည်သင်၏ဆန္ဒအလျှောက်သာလုံးလုံးလျားလျားဖြစ်ရမည်ကိုသတိပြုပါ ၊သင်၏အနာဂတ်နှင့်ပတ်သတ်၍ဆုံးဖြတ်ချက်ပြုလုပ်ရာတွင်တစ်စုံတစ်ယောက်ကသင့်အားအတင်းအကျပ်ဆုံးဖြတ်ချက်ချခိုင်းခြင်းများကိုသင်မှခွင့်မပြုသင့်ပေ။

UNHCR
The UN
Refugee Agency

## တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ခြင်း

**ထိုင်းနိုင်ငံတွင်ဒုက္ခသည်များအတွက်တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ခြင်းအစီအစဉ်ဆက်လက်ရှိနေပါသေးသလား။**

ဟုတ်ကဲ့။ ဆက်လက်ရှိနေပါသေးတယ်။ တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ရေးအစီအစဉ်ဆက်လက်ရှိနေသေးသော်လည်းတတိယနိုင်ငံသို့ပြန်လည်အခြေချခြင်းအတွက် UNHCR မှတင်ပြနိုင်သည့်လူဦးရေအရေအတွက်သည်လွန်ခဲ့သောနှစ်တွေတုန်းကထက်ပိုမိုနည်းပါးသွားပါသည်။

**ကျွန်ုပ်ကဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းမခံရသည့်ဒုက္ခသည်တစ်ဦးဖြစ်ပါသည်။ တတိယနိုင်ငံတွင်အခြေချနေထိုင်နေသည့်ကျွန်ုပ်၏မိသားစုတွေနဲ့ပေါင်းစည်းလို့ရနိုင်သလား။**

တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်နေသည့်သင်၏မိသားစုအရင်းအချာတွေနှင့်သင်ပြန်လည်ပေါင်းစည်းဖို့အတွက်အတိအကျချမှတ်ထားတဲ့သတ်မှတ်ချက်အဆင့်တွေနဲ့သင်ကိုက်ညီမှုရှိရမည်ဖြစ်သည်၊ထို့နောက်သင်၏အကြောင်းအရာကိုဒုက္ခသည်အဖြစ်စာရင်းသွင်းမှတ်ပုံတင်ဖို့စဉ်းစားတွေးတောပေးရန်အတွက်တော်ဝင်ထိုင်းအစိုးရထံသို့တင်ပြပေးမည်ဖြစ်သည်။

**တတိယနိုင်ငံသို့ရောက်ရှိနေသည့်မိသားစုများထံသို့ပြန်လည်ပေါင်းစည်းရေးနှင့်တတိယနိုင်ငံသို့ပြန်လည်အခြေချနေထိုင်ရန်အတွက်စခန်းတွင်းရှိမိသားစုများအတူတကွပြန်လည်စုစည်းရေးပြုလုပ်ရန်အတွက်(FT PAB)လုပ်ငန်းစဉ်များသည်မည်သည့်အချိန်တွင်အဆုံးသတ်ပြီးဆုံးမည်နည်း။**

မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကိုအခုလက်ရှိအချိန်ထိဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ ဤလုပ်ငန်းစဉ်သည်တော်ဝင်ထိုင်းအစိုး၏ဆုံးဖြတ်ချက်နှင့်အာဏာပိုင်အဖွဲ့များ၏လက်အောက်တွင်ရှိသည်။နောက်ဆုံးတွင်မူအဆုံးသတ်ပြီးဆုံးသွားလိမ့်မည်ဖြစ်သည်။

## မိမိဆန္ဒအလျောက်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ခြင်း

**နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ချင်သည့်ဒုက္ခသည်များကို UNHCR ကအကူအညီပေးမှာလား။**

အကူအညီပေးမှာပါ ။ သင်ကမိမိဆန္ဒအလျောက်ဆုံးဖြတ်ချက်ချပြီးသောအခါ UNHCR ကသင်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ဖို့အတွက်သင့်ကိုအကူအညီပေးနိုင်ပါသည်။ ကူညီထောက်ပံ့ပေးနိုင်သည့်ပံ့ပိုးကူညီမှုများမပြုမီ UNHCR ကသင့်ကိုမေးခွန်းအချို့မေးမြန်းမည်ဖြစ်သည်။ဥပမာအားဖြင့်-သင်သွားချင်သည့်မြို့(သို့မဟုတ်)ကျေးရွာအမည်ကအဘယ်နည်း၊ သင်ပြန်ရန်စီစဉ်ထားသည့်နေရာ၌ဘေးကင်းလုံခြုံမှုနှင့်ပတ်သတ်ပြီးဘယ်အရာတွေကိုသင်သိထားသနည်း။ မြန်မာအာဏာပိုင်များ၊ဒေသခံလူထုနှင့်တိုင်းရင်းသားအဖွဲ့အစည်းများကသင့်ကိုလှိုက်လှိုက်လှဲလှဲကြိုဆိုလက်ခံမည်လား၊သင်မည်ကဲ့သို့အသက်မွေးမှုပြုမည်နည်း၊ ဤမေးခွန်းများနှင့်အခြားမေးခွန်းများကို UNHCR ကမေးမြန်းလိမ့်မည်ဖြစ်သည်။ နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ဖို့အတွက်ဤမေးခွန်းများနှင့်အခြားမေးခွန်းများကိုသင်တို့ကိုယ်တိုင်ကိုယ့်ဘာသာကိုပြန်မေးကြည့်ရန်အရေးကြီးသည်၊ သင်တို့အားဘယ်လိုအကောင်းဆုံးကူညီနိုင်မည်ဆိုသည်ကိုသိရှိရန်အတွက်UNHCR ကဤမေးခွန်းများနှင့်အခြားမေးခွန်းများကိုမေးမြန်းရန်အရေးကြီးသည်။

**နေရပ်ရင်းသို့ပြန်လည်အခြေချချင်သည့်အထူးကူညီမှုလိုအပ်နေသူများ(PSN)ကို UNHCR ကကူညီမှာလား။**

ကူညီမှာပါ။မိမိကိုယ်တိုင်ရပ်တည်နိုင်စွမ်းမရှိသည့်မည်သည့်ဒုက္ခသည်ကိုမဆို UNHCR ကအထူးဂရုပြုဆောင်ရွက်ပေးမှာပါ။ သို့သော်ဎင်းတို့၏ကျန်းမာရေးအခြေအနေ၊မသန်မစွမ်းဖြစ်မှု(သို့မဟုတ်)အ

ခြားအထူးအကူအညီလိုအပ်မှုအခြေအနေများကြောင့်ခရီးသွားရာတွင်ပိုမိုအခက်အခဲရှိလိမ့်မည်ဖြစ်သည်။

**နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်ချင်သောဒုက္ခသည်များကို UNHCR ကဘယ်လိုပုံစံမျိုးကူညီပံ့ပိုးပေးမည်နည်း။**

ထိုင်းနိုင်ငံ၌ UNHCR သည်အထူးအကူအညီလိုအပ်နေသည့်ဒုက္ခသည်များ(ယခင်မေးခွန်းကိုပြန်ကြည့်ပါ)အား၎င်းတို့လိုအပ်သောသယ်ယူပို့ဆောင်ရေးများကိုစီစဉ်ပေးခြင်းအားဖြင့်ဖြစ်စေ(သို့မဟုတ်)ကိုယ့်အစီအစဉ်ဖြင့်ကိုယ်ပြန်သွားမည့်သူများအတွက်ငွေကြေးထောက်ပံ့ပေးခြင်းဖြင့်ဖြစ်စေကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြန်လည်ပေါင်းစည်းခြင်းကနဦးကာလတွင်ပြန်လည်အခြေချသည့်သူများကိုလည်းUNHCR မှငွေကြေးထောက်ပံ့ကူညီပေးမည်ဖြစ်သည်။

**ဒုက္ခသည်များမြန်မာနိုင်ငံသို့ပြန်လည်အခြေချပြီးသောအခါ UNHCR ကဒုက္ခသည်များကိုအကူအညီပေးမှာလား။**

သင်၏ဘေးကင်းလုံခြုံမှုသည်အမြင့်ဆုံးဦးစားပေးဖြစ်သည်။ အကယ်၍သင့်မှာစာရွက်စာတမ်းများလက်ခံရယူခြင်းနှင့်ပတ်သတ်၍ပြဿနာကြုံလာပါက(သို့မဟုတ်)ဥပဒေရေးရာအကူအညီလိုအပ်မည့်မြေနှင့်ပစ္စည်းဥစ္စာအကြောင်းကိစ္စများနှင့်ပတ်သတ်၍သင်မှအခက်အခဲနှင့်ရင်ဆိုင်လာရပါက ဤအခြေအနေများကို UNHCR ကလည်းသိရှိချင်ပါသည်။သင်၏ကလေးကိုဒေသတွင်းရှိစာသင်ကျောင်းသို့ဝင်ရောက်ခွင့်မပြု၍ဖြစ်စေ (သို့မဟုတ်) ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုများကိုသင်ကလက်ခံမရရှိ၍ဖြစ်စေကျေးဇူးပြု၍ UNHCR ထံသို့လည်းအသိပေးအကြောင်းကြားပါ။ ဒေသတွင်းရှိအသိုင်းအဝိုင်းများနှင့်သက်ဆိုင်ရာအာဏာပိုင်များဖြင့်အတူတကွချင့်ချိန်ဆုံးဖြတ်မှုပြုလုပ်ပြီးနောက်၎င်းတို့အတွက်စီမံကိန်းဆောင်ရွက်မှုအမျိုးမျိုးမှတဆင့်အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများပိုမိုအခိုင်အမာရရှိစေရန်အတွက် UNHCR  မှလည်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်တွင်းဒုက္ခသည်(IDPs)များနှင့်ထိုင်းနိုင်ငံရှိဒုက္ခသည်များမှ၎င်းတို့၏နေရပ်သို့ပြန်၍ပြန်လည်ပေါင်းစည်းခြင်းကိုကူညီပံ့ပိုးပေးရန်အတွက်အခြားအဖွဲ့အစည်းများနှင့်အလှူရှင်များအားUNHCR မှအလေးအနက်တိုက်တွန်းသွားမည်ဖြစ်သည်။

## အခြားမေးခွန်းများ

**၂၀၁၅ခုနှစ်တွင်ပြုလုပ်သော MOI-UNHCR ၏လူဦးရေစိစစ်အတည်ပြုခြင်းလေ့ကျင့်ခန်းတွင်ကျွန်ုပ်မှစိစစ်အတည်ပြုခြင်းခံယူခဲ့ပါသည်။ကျွန်ုပ်၏ UNHCR e-ကတ်ကိုကျွန်ုပ်မည်ကဲ့သို့အသုံးပြု၍ရနိုင်မည်နည်း။**

UNHCR ၏လူဦးရေစိစစ်အတည်ပြုခြင်း e-ကတ်သည်သက်သေခံမှတ်ပုံတင်ကတ်ပြားတစ်ခုမဟုတ်ပါ ၊ ၎င်းကိုထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံအတွင်းခရီးသွားရာတွင်ခရီးသွားအထောက်အထားကတ်တစ်ခုအဖြစ်အသုံးပြု၍မရနိုင်ပါ။ ဤကတ်သည်ယာယီစခန်းအတွင်းသင်အကူအညီများရရှိနိုင်ဖို့အတွက်သင့်အားကူညီပါလိမ့်မည်၊ တော်ဝင်ထိုင်းအစိုးရနှင့် UNHCR မှသင်သည်ယာယီစခန်းအတွင်းနေထိုင်သူတစ်ဦးဖြစ်ကြောင်းတည်ပြုနိုင်ရန်အတွက်ဤကတ်ကိုအသုံးပြုနိုင်သည်။ဤကတ်ကိုလုံခြုံစွာသိမ်းဆည်းထားရန်အလွန်အရေးကြီးပါသည်။သင်သည်နေရပ်ရင်းသို့ပြန်လည်အခြေချနေထိုင်မည်ဟုဆုံးဖြတ်သောအခါဤကတ်ကိုထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံအတွင်းတွင်ရှိသော UNHCR သို့ထံသို့ပြသနိုင်ပါသည်။

**၂၀၁၅ခုနှစ်တွင်ပြုလုပ်သော MOI-UNHCR ၏လူဦးရေစိစစ်အတည်ပြုခြင်းလေ့ကျင့်ခန်းတွင်ကျွန်ုပ်မှစိစစ်အတည်ပြုခြင်းခံခဲ့သော်လည်းကျွန်ုပ်သည်ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းခံရသူတစ်ဦးမဟုတ်ပေ။ ကျွန်ုပ်ကိုဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းမည်လား။**

UNHCR
The UN Refugee Agency

သင့်အားဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းမည်မဟုတ်ပါ။ လူဦးရေစိစစ်အတည်ပြုခြင်းသည်ဒုက္ခသည်အဖြစ်မှတ်ပုံတင်သွင်းခြင်းလုပ်ဆောင်မှုမဟုတ်ပါ။ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းမခံရသည့်ဒုက္ခသည်များအတွက်လူဦးရေစိစစ်အတည်ပြုခြင်းလေ့ကျင့်ခန်းသည်ရေရှည်အဖြေရှာခြင်းနည်းလမ်းများကိုသင်ကရရှိသည့်တိုင်အောင်သင်ယာယီစခန်းထဲတွင်နေထိုင်စဉ်ကာလအတွင်းကာကွယ်စောင့်ရှောက်မှုနှင့်အကူအညီများကိုသင်မှလက်ခံရရှိရန်အတွက်သင်သည်ယာယီစခန်းထဲတွင်နေထိုင်သူတစ်ဦးဖြစ်ကြောင်းအတည်ပြုနိုင်ရန်ရည်ရွယ်သည်။

**ကျွန်ုပ်သည် PRE နံပါတ်ကိုင်ဆောင်ထားသည့်ဒုက္ခသည်တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်ကိုမည်သည့်အချိန်တွင်ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမှတ်ပုံတင်စာရင်းသွင်းမည်နည်း။**

PRE ရရှိထားသည့်ဒုက္ခသည်များအားဒုက္ခသည်အဖြစ်မှတ်ပုံတင်စာရင်းသွင်းမည်မဟုတ်ပေ၊ သို့သော်လည်းယာယီစခန်းထဲတွင်သင့်အားကာကွယ်စောင့်ရှောက်များကိုကူညီပံ့ပိုးပေးရန်နှင့်လူသားချင်းစာနာထောက်ထားသည့်အကူအညီများကိုသင်ရရှိစေရန်အတွက်PREအထောက်အထားစာရွက်သည်အရေးပါပါသည်။

**ယာယီစခန်းထဲတွင်ရရှိခဲ့သောကျွန်ုပ်၏ကျောင်းပညာသင်ယူမှုအထောက်အထားလက်မှတ်ကိုမြန်မာနိုင်ငံမှာအသုံးပြုလို့ရနိုင်ပါလား ။**

သင်၏ပညာရေးဆိုင်ရာ(သို့မဟုတ်)သင်တန်းဆိုင်ရာအထောက်အထားလက်မှတ်ကိုမြန်မာနိုင်ငံအတွင်းမှာရှိသည့်ဒေသတွင်းစာသင်ကျောင်းတွင်ဖြစ်စေ၊ပညာရေး(သို့)သင်တန်းတာဝန်ရှိသူများမှဖြစ်စေ၊အလုပ်ရှင်များမှဖြစ်စေအသိအမှတ်ပြုမည်၊မပြုမည်ဆိုသည်မှာအကြောင်းအရာအမျိုးမျိုးအပေါ်တွင်မူတည်ပါသည်။ သင်၏ပညာရေးကိုသော်၎င်း ၊ သင်တန်းများကိုသော်၎င်း ၊ အောင်လက်မှတ်ထုတ်ပေးခြင်းကိုသော်၎င်း စသည်တို့ကိုကူညီပံ့ပိုးပေးသည့်ဒုက္ခသည်ကော်မတီ၊ NGO (သို့)CBO တို့ထံကျေးဇူးပြု၍စုံစမ်းမေးမြန်းပါ။

*ဒုက္ခသည်များအားအပြည်ပြည်ဆိုင်ရာကာကွယ်စောင့်ရှောက်မှုများကူညီပံ့ပိုးပေးရန်နှင့်ရေရှည်တည်တံ့ခိုင်မြဲသောအဖြေရှာမှုများရရှိရန်ကြိုးပမ်းရာတွင်၎င်းတို့အားကူညီရန်အတွက် UN အထွေထွေညီလာခံကဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံးထံတာဝန်ပေးအပ်ထားသည်။ယနေ့တွင် UNHCR သည်ကမ္ဘာအနှံ့ရှိဒုက္ခသည်ဦးရေသန်းပေါင်း(၅၅)သန်းထက်ပိုမိုများပြားသောဒုက္ခသည်များကိုကာကွယ်စောင့်ရှောက်မှုများနှင့်အကူအညီများပေးနေသည်။*


**Contacts:** UNHCR Thailand, Information Management Unit imumaesot@unhcr.org - Tel: (66) 55 534 840
**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren